ကျန်းမာရေးဝန်ကြီးဌာန

# ပြည်တွင်း ပုံမှန်လေကြောင်းခရီးစဉ်များ ပြေးဆွဲရာတွင် လေကြောင်းလိုင်းဝန်ထမ်းများ၊ လေဆိပ်ဝန်ထမ်းများနှင့် လေယာဉ်စီးခရီးသည်များ လိုက်နာရမည့် ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များ (Version 2.5)

(Updated as of 16-11-2021)

## ရည်ရွယ်ချက်

၁။ COVID-19ရောဂါဖြစ်ပွားနေချိန်ကာလအတွင်း ပြည်တွင်းလေကြောင်းလိုင်းများကို ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များ သတ်မှတ်၍ စနစ်တကျ ပြေးဆွဲခွင့်ပြုခြင်းဖြင့် လေကြောင်းပို့ဆောင်ရေးကဏ္ဍ အားကောင်းလာပြီး မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရေး လုပ်ငန်းစဉ်ကို အထောက် အကူပြုစေရန် ရည်ရွယ်၍ ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်ကို ထုတ်ပြန်ရခြင်း ဖြစ်ပါသည်။

## ပါဝင်လိုက်နာဆောင်ရွက်ရမည့် အဖွဲ့အစည်းများ

၂။ ဤကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များတွင် လေကြောင်းခရီးသည်များ လေကြောင်းလိုင်း၊ မြေပြင်ဝန်ဆောင်မှု ဝန်ထမ်းများနှင့် လေဆိပ်၌ တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများ လေယာဉ်မှူးများနှင့် လေယာဉ်မောင်မယ်များ လိုက်နာရမည့် ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များ ပါရှိသည်။ ယင်းကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ ဆက်စပ်ဌာန/အဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်၍ ပေါင်းစပ်ဆောင်ရွက်ရမည်။

## လေကြောင်းလိုင်းများ စနစ်တကျပြေးဆွဲခြင်း

၃။ ပြည်တွင်းပျံသန်းသည့်လေကြောင်းလိုင်းများအနေဖြင့် ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များ Version 2.5 နှင့်အညီ စနစ်တကျပြေးဆွဲနိုင်သည်။ COVID-19 ရောဂါ ဖြစ်ပွားမှု အခြေအနေအရ လိုအပ်လာပါက ဤစံသတ်မှတ်ချက်များအား အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်သတ်မှတ်သွားမည် ဖြစ်ပါသည်။

## ပြည်တွင်းလေကြောင်းဖြင့် လိုက်ပါစီးနင်းမည့် ခရီးသည်များ လိုက်နာဆောင်ရွက်ရမည့်အချက်များ

၄။ ခရီးသည်များအနေဖြင့် အောက်ပါ ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ လေကြောင်းလိုင်းများကို အသုံးပြုစီးနင်းနိုင်သည် -

(က) ပြည်တွင်းပျံသန်းသည့် လေကြောင်းလိုင်းများ အသုံးပြုစီးနင်းရန် လေယာဉ်လက်မှတ်များကို ပြည်တွင်း Ticketing Agents များတွင်ဖြစ်စေ၊ Online စနစ်ဖြင့် ဖြစ်စေ မည်သည့် ထောက်ခံချက်မျှမလိုဘဲ ပုံမှန်ဝယ်ယူ၍ သက်ဆိုင်ရာလေကြောင်းခရီးစဉ်များကို ဤကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ စီးနင်းလိုက်ပါနိုင်သည်၊

(ခ) ခရီးသည်များအနေဖြင့် COVID-19 သံသယဖြစ်ဖွယ် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့အရသာ ပျောက်ဆုံးခြင်း၊ ပိုးတွေ့လူနာနှင့် နှစ်ပတ်အတွင်း ထိတွေ့ခဲ့ခြင်းအစရှိသည့် ရောဂါလက္ခဏာနှင့် အခြေအနေများ အလုံးစုံကင်းစင်မှသာ သတ်မှတ် ခရီးစဉ်တွင် လိုက်ပါရမည်၊

(ဂ) လိုက်ပါ စီးနင်းမည့် ခရီးသည်များအနေဖြင့်

(၁) ကိုဗစ်-၁၉ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိပြီးဖြစ်ရမည်ဖြစ်ပြီး ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပြီးနောက် အနည်းဆုံး (၁၄) ရက်ပြည့်မြောက်ပြီးဖြစ်ပါက Rapid Antigen Diagnostic Test (RDT) Kit ဖြင့် COVID-19 ရောဂါပိုးမရှိကြောင်း ခတ်ခွဲစစ်ဆေးခြင်း မပြုဘဲ လိုက်ပါစီးနင်းနိုင်ပါသည်။

(၂) ချွင်းချက်အနေဖြင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၊ ထားဝယ်မြို့နယ်နှင့် မြိတ်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်တို့တွင် နေထိုင်သူများအနေဖြင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးသော်လည်း Rapid Antigen Diagnostic Test (RDT) Kit ဖြင့် COVID-19 ရောဂါပိုးမရှိကြောင်း ဓာတ်ခွဲစစ်ဆေးခြင်းအား မဖြစ်မနေဆောင်ရွက်ရမည်။

(၃) နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ တွေ့ရှိမှုနှုန်းနှင့် ပိုးတွေ့ရာခိုင်နှုန်းများအပေါ်မူတည်၍ ပြည်တွင်းလေယာဉ်ခရီးစဉ်မတိုင်မီ မဖြစ်မနေ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ဆောင်ရွက်ရမည့် မြို့နယ်များအား လိုအပ်သလို ထပ်မံထုတ်ပြန်ကြေညာသွားမည်။

(၄) ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံထားခြင်းမရှိသေးသော ခရီးသည်နှင့်ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိပြီးဖြစ်သော်လည်း ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပြီး အနည်းဆုံး (၁၄) ရက် မပြည့်သေးသူ ဖြစ်ပါက ကျန်းမာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြု ဓါတ်ခွဲခန်းတစ်ခုခုတွင် စစ်ဆေးထားသည့် ခရီးစဉ် စတင်မထွက်ခွာမီ (၄၈) နာရီ အတွင်း Rapid Antigen Diagnostic Test (RDT) Kit ဖြင့် COVID-19 ရောဂါပိုးမရှိကြောင်း ဓာတ်ခွဲစမ်းသပ်ချက်ကို Check-in ဝင်သည့်အချိန်၌ ခရီးသည်မှ တင်ပြနိုင်ရမည်။ (လေယာဉ် ထွက်ခွာချိန်တွင် ဓာတ်ခွဲစစ်ဆေးမှုအဖြေသည် (၄၈) နာရီ ထက် ကျော်လွန်ပြီး ဖြစ်ပါက လက်ခံမည်မဟုတ်ပါ။)

(ဃ) ပြည်တွင်းလေယာဉ်စီးခရီးသည်များအနေဖြင့် ခရီးစဉ်မတိုင်မီ (၄၈)နာရီအတွင်း RDT ဖြင့် ကိုဗစ်-၁၉ ရောဂါပိုးမရှိကြောင်း ဓာတ်ခွဲစမ်းသပ်ချက်ကို Check-in ဝင်သည့်အချိန်၌ ပြသနိုင်ရန်အတွက် လေယာဉ်ကွင်းတည်ရှိရာ သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် သတ်မှတ်ချိန်များအတွင်း ပိတ်ရက်မရှိ အခမဲ့စစ်ဆေးပေးသော ဓာတ်ခွဲခန်းများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စစ်ဆေးခွင့်ပြုထားသော ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းနှင့် ဓာတ်ခွဲခန်းများတွင် သွားရောက်စစ်ဆေးမှု ခံယူရပါမည်။ ၎င်းအပြင် ပြည်တွင်းလေဆိပ်များတွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်-၁၉ ရောဂါပိုး ဓာတ်ခွဲစမ်းသပ်နိုင်မည့် ဓာတ်ခွဲခန်းများတွင်လည်း လေယာဉ်မထွက်ခွာမီ အချိန်မီကြိုတင်သွားရောက်၍လည်း စစ်ဆေးမှုခံယူနိုင်ပါသည်။

(င) လေယာဉ်ခရီးစဉ် မထွက်ခွာမီ ဖြည့်စွက်ရမည့် ကိုယ်ရေးအချက်အလက်များအား ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ရမည်။ ခရီးသည်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ် အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်၊ လေယာဉ်လက်မှတ်ဝယ်ယူသည့် အချိန်၊ Check-in ပြုလုပ်သည့်အချိန်နှင့် ခရီးဆုံးလေဆိပ်သို့ ရောက်ရှိချိန်များတွင် တာဝန်ရှိသူများအားတင်ပြရမည်။ ထို့အပြင် Check-in ဝင်သည့်အချိန်တွင် ဆိုက် ရောက်သည့်မြို့၌ တည်းခိုမည့်နေရာကို တိကျမှန်ကန်စွာ ဖြည့်စွက်ရမည်၊

(စ) ကျန်းမာရေးဆိုင်ရာ ကြေညာချက်စာရွက်အား မှန်ကန်ပြည့်စုံစွာ ဖြည့်စွက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများသို့ မပျက်မကွက် ပေးအပ်ရမည်၊

(ဆ) လေဆိပ်ခရီးစဉ်တစ်လျှောက် ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း(Surgical Mask) မျက်နှာကာ(Face Shield)တို့ကို သေချာစွာ ဝတ်ဆင်ထားရှိရန်နှင့် လေယာဉ်မောင်မယ် တို့၏ ညွှန်ကြားချက်များအား တိကျစွာ လိုက်နာဆောင်ရွက်ရမည်၊

(ဇ) လေယာဉ်ခရီးစဉ်တစ်လျှောက် သတ်မှတ်ထားသော ခုံအမှတ်တွင်သာ လိုက်ပါစီးနင်း ရမည်၊

(ဈ) လေယာဉ်ခရီးစဉ်အတွင်း နေမကောင်းဖြစ်ပါက လေယာဉ်မောင်မယ်တို့အား မဖြစ် မနေ ချက်ချင်းသတင်းပေးပို့ရန်နှင့် လေယာဉ်မောင်မယ်တို့၏ ညွှန်ကြားချက်များ အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရမည်၊

(ည) သက်ဆိုင်ရာမြို့သို့ လေယာဉ်ဆိုက်ရောက်ပါက ဒေသန္တရဆိုင်ရာ အမိန့်များအား မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည်၊

(ဋ) ခရီးသည်များအနေဖြင့် အစိုးရဆေးရုံသို့ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူရန် သွားရောက်ခြင်းဖြစ်ပါက Check-in ဝင်ချိန်တွင် လေကြောင်းလိုင်းတာဝန်ရှိသူထံသို့ သက်ဆိုင်ရာ ကျန်းမာရေးအာဏာပိုင်က လက်မှတ်ရေးထိုးထားသည့် ကျန်းမာရေး ဆိုင်ရာ လွှဲပြောင်းခြင်းမှတ်တမ်း(Medical Referral Form)အား ပြသနိုင်ရမည်။

(ဌ) လေယာဉ်ခရီးစဉ်ပြီးဆုံးချိန်တွင် COVID-19 သံသယဖြစ်ဖွယ် ဖျားခြင်း၊ ချောင်းဆိုး ခြင်း၊ ရုတ်တရက် အနံ့အရသာ ပျောက်ဆုံးခြင်း၊ အစရှိသည့် ရောဂါလက္ခဏာများ ဖြစ်ပေါ်လာပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်း ဆက်သွယ်ဆောင်ရွက်ရန် နှင့် မိမိ၏ခရီးသွားရာဇဝင်ကို တိကျစွာ သတင်းပို့ရမည်။